**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**မူတြော်ခရိုင်/တပ်မဟာ (၅) ဌာနချုပ်**

**ကော်သူးလေ**

ခရစ်သက္ကရာဇ် - မေလ (၈) ရက်၊ ၂၀၂၃

ကရင်သက္ကရာဇ် - ဒေညါးလဆုတ် (၅) ရက်၊ ၂၇၆၂ ခုနှစ်

**ကေအဲန်ယူ - ဗဟိုကရင်အမျိုးသားအစည်းအရုံးကျင်းပသော (၁၇) ကြိမ်မြောက်ရွေးကောက်ပွဲကွန်ဂရက်မှ နုတ်ထွက်လိုက်ခြင်းနှင့် ပတ်သက်ပြီး မူတြော်ခရိုင်/တပ်မဟာ (၅) အမြဲတမ်းကော်မတီမှအသိပေးထုတ်ပြန်ခြင်း**

(၁) ကေအဲန်ယူဗဟိုထိပ်သီးခေါင်းဆောင်အချို့သည် အာဏာကိုအလွဲသုံးစား၍ ဒုစရိုက်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြောင်းကို သတင်းနှင့်ခိုင်လုံသောအထောက်အထားများအရ သိရှိရချိန်နှင့် ရန်သူကဂုဏ်ပြုချီးမြှင့်သောဂုဏ်ထူးဆောင်ဆုကို ကေအဲန်ယူဥက္ကဌက လက်ခံခဲ့သည့်အပေါ် ကျွန်ုပ်တို့အလွန်ဝမ်းနည်းမိပါသည်။ ဤလုပ်ဆောင်ချက်နှစ်ခုလုံးက ကေအဲန်ယူ၏စည်းမျဥ်းဥပဒေနှင့်ရပ်တည်ချက်အား ချိုးဖေါက်သည်ကို ငြင်းနိုင်ဖွယ်မရှိပါ။

(၂) မူတြော်ခရိုင် တပ်မဟာ (၅) သည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ အခြေခံဥပဒေ၊ နိုင်ငံရေးဦးတည်ချက်နှင့် လုပ်ငန်းစဥ်များကို အာမခံကာကွယ်ပြီးအကောင်အထည်ဖေါ်ရန် တာဝန်ရှိသည့်အားလျော်စွာ အထက်ပါပြဿနာနှစ်ရပ်နှင့်ပတ်သက်ပြီး ရွေးကောက်ပွဲပြုလုပ်သွားမည့် ကေအဲန်ယူ၏ (၁၇) ကြိမ်မြောက်ကွန်ဂရက်မတိုင်မီ ကိုင်တွယ်စစ်ဆေးဖြေရှင်းသွားခြင်းက အသင့်တော်ဆုံးဖြစ်မည်ဟုယူဆသဖြင့် အရေးယူဆောင်ရွက်ရန် ဗဟိုကေအဲန်ယူထံသို့ အဆိုပြုတင်ပြခဲ့သည်။ ဤသို့လုပ်ဆောင်ခြင်းက တရားဥပဒေစိုးမိုးမှုကိုထင်ဟပ်စေသလို အဖွဲ့အစည်း၏မူဘောင်လမ်းစဥ်နှင့်ကိုက်ညီသည့် ပြဿနာဖြေရှင်းခြင်းနည်းလမ်းလည်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ဖြေရှင်းခြင်းမရှိပါက ကျွန်ုပ်တို့မူတြော်ခရိုင် တပ်မဟာ (၅) မှ ကိုယ်စားလှယ်များသည် ဗဟိုကေအဲန်ယူ၏ (၁၇) ကြိမ်မြောက်ကွန်ဂရက်ကို ပါဝင်တက်ရောက်မည်မဟုတ်ပါ။ ရွေးကောက်ပွဲကွန်ဂရက်ကို အဆောတလျင်ဆောင်ရွက်ရန်လိုအပ်သည်ဟု ကိုယ်စားလှယ်အများစုကယူဆပါက လုပ်ဆောင်နိုင်ပြီး ကျွန်ုပ်တို့က ကန့်ကွက်ဆန့်ကျင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဤရပ်တည်ချက်သည် ကျွန်ုပ်တို့အဖွဲ့အစည်းနှင့်လူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ လိုအင်ဆန္ဒ၊ နှင့် တော်လှန်ရေးအောင်မြင်ရေးအတွက် ကောင်းမွန်သော အားထုတ်ကြိုးစားမှုသမိုင်းကို ရေးသွားရန်သာဖြစ်သည်။

(၃) ကျွန်ုပ်တို့၏ကေအဲန်ယူအုပ်ချုပ်ရေးအတွင်း (သို့မဟုတ်) ကေအဲန်ယူ၏ဩဇာသက်ရောက်သောနယ်မြေများအတွင်း ကေအဲန်ယူထိပ်သီးခေါင်းဆောင်အချို့၏ ပါဝင်သက်မှုနှင့်မကင်းသည့် 'နိုင်ငံတကာဒုစရိုက်စီးပွားရေးလုပ်ငန်းများ' ဝင်ရောက်ထွန်းကားလာခြင်းသည် ကျွန်ုပ်တို့ကေအဲန်ယူအဖွဲ့အစည်းနှင့် ကရင်တစ်မျိုးသားလုံးအတွက် ကြီးမားသောပြဿနာတစ်ခုဖြစ်သည်ဟု ယူဆသည်။ ဤပြဿနာကိုအလေးထားပြီး နည်းစနစ်ကျကျ ထိရောက်စွာနှင့်အချိန်မီအရေးယူဆောင်ရွက်ခြင်းမရှိဘဲ ဥပေက္ခာပြုမည် (သို့မဟုတ်) ဟန်ပြသဘောဖြင့်သာ ကိုင်တွယ်ဖြေရှင်းမည်ဆိုပါက အချိန်ကြာလာသည်နှင့်အမျှ ဒုစရိုက်စီးပွားရေးလုပ်ငန်များသည် ကျွန်ုပ်တို့ကေအဲန်ယူ၏နိုင်ငံရေးနှင့် ကျွန်ုပ်တို့ကရင်တစ်မျိုးသားလုံး၏စည်းလုံးညီညွတ်မှုကို ပျက်စီးစေမည် (သို့မဟုတ်) အားနည်းဆုတ်ယုတ်စေမည်မှာ အသေအချာပင်ဖြစ်သည်။ သို့သော် ကေအဲန်ယူ၏ဗဟိုကွန်ဂရက်သည် ကျွန်ုပ်တို့တင်ပြသောဤအရေးကိစ္စကို အရေးမကြီးသလို

သဘောထားခဲ့သည်။ ခိုင်မာသောအထောက်အထားနှင့် စွပ်စွဲခံရသောခေါင်းဆောင်အချို့ကိုယ်တိုင်မှ ၎င်းတို့၏အမှားကို ဝန်ခံခဲ့ပါလျက်နှင့် ကေအဲန်ယူကွန်ဂရက်သည် ဆုံးဖြတ်ချက်ကို ပေ့ါပေ့ါတန်တန်ချမှတ်ခဲ့သည်။ ဤသည်မှာ ဒုစရိုက်စီးပွားရေးနှင့်ဆက်နွယ်နေသောခေါင်းဆောင်များကို ကူညီကာကွယ်ပေးသကဲ့သို့ ဖြစ်နေပါသည် (သို့မဟုတ်) အဖွဲ့အစည်း၏မူဝါဒကို ဆန့်ကျင်ရာရောက်ပါသည်။

(၄) ကေအဲန်ယူ၏ (၁၆) ကြိမ်မြောက်ရွေးကောက်ပွဲကွန်ဂရက်ပြုလုပ်ပြီးနောက်ပိုင်း ကေအဲန်ယူနယ်မြေအတွင်း ဒုစရိုက်စီးပွားရေးလုပ်ငန်းများဝင်ရောက်ခြင်းနှင့် ဤလုပ်ငန်းများအတွင်း ကေအဲန်ယူခေါင်းဆောင်အချို့ပါဝင်ပတ်သက်ကြောင်း ခိုင်လုံသောအထောက်အထားများပေါ်ထွက်လာခြင်းအပေါ် အဓိကတာဝန်ယူတာဝန်ခံရမည့်သူများမှာ ကေအဲန်ယူ၏ (၁၆) ကြိမ်မြောက်ရွေးကောက်ပွဲကွန်ဂရက်က ရွေးကောက်လိုက်သော ဗဟိုအမြဲတမ်းကော်မတီသာပင် ဖြစ်သည်။ ၎င်းတို့သည် (၁၇) ကြိမ်မြောက် ရွေးကောက်ပွဲကွန်ဂရက်မတိုင်ခင် ဤပြဿနာကို အားထုတ်ဖြေရှင်းရမည်ဖြစ်သည်။ ဤပြဿနာကို ကြိုတင်ဖြေရှင်းခြင်းမရှိပါက နောက်ထပ်ရွေးကောက်တင်မြောက်ခံရမည့် ခေါင်းဆောင်များသည် အတားအဆီး၊ နိုင်ငံရေးဦးဆောင်မှုအကြပ်အတည်းနှင့် ဖိအားအမျိုးမျိုး (ပြည်တွင်းနှင့်ပြည်ပ၏ ယုံကြည်မှုနှင့် ထောက်ခံမှုနည်းပါးလာခြင်းကဲ့သို့သောဖိအားများ) ကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏စိုးရိမ်ချက်များကို စာနှင့်သော်လည်းကောင်း၊ ကွန်ဂရက်အတွက်ပြုလုပ်သည့် ကြိုတင်အစည်းအဝေးများတွင် မျက်နှာချင်းဆိုင်၍ သော်လည်းကောင်း၊ အချိန်ကာလနှစ်လအတွင်း တင်ပြခဲ့သော်လည်း ကျွန်ုပ်တို့ကျေနပ်လောက်သည့် အဖြေတစ်စုံတစ်ရာကို မရရှိခဲ့ပေ။ ဤပြဿနာကို ရေတိုတွင်ဖြစ်စေ၊ ရေရှည်တွင်ဖြစ်စေ အရေးယူဆောင်ရွက်သွားရန်အတွက် (၁၇) ကြိမ်မြောက်ကွန်ဂရက်က ဆုံးဖြတ်ခဲ့သော်လည်း အကောင်အထည်ဖော်မှုတစ်စုံတစ်ရာမရှိပါ။ အရေးယူသင့်သည့် ခေါင်းဆောင်များကိုအရေးမယူဘဲ ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခွင့်ပေးခဲ့သည်။

(၅) ဤပြဿနာနှင့်ပတ်သက်ပြီး နည်းစနစ်ကျသောကြိုတင်စုံစမ်းစစ်ဆေးမှုများမရှိသေးသည့်အတွက် ဗဟိုကွန်ဂရက်သည် လက်ရှိပြဿနာနှင့်အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည်မဟုတ်ဟု ကျွန်ုပ်တို့မူကြော်ခရိုင်ကိုယ်စားလှယ်များက ယူဆသည်။ ထို့အပြင် ကွန်ဂရက်ကို လေလိုင်းမှတစ်ဆင့်ပြုလုပ်ခြင်းကြောင့် ထိလွယ်ရှလွယ်သည့်အတွင်းရေးကိစ္စရပ်များကို ဆွေးနွေးပြောဆိုရန်အတွက် လုံခြုံမှုမရှိပါ။ ထိုနည်းတူစွာပင် အများက လက်ခံကျေနပ်လောက်သည့် ပြဿနာ၏ အဖြေကို မျက်နှာခြင်းဆိုင်အစည်းအဝေးတွင်ပြုလုပ်သကဲ့သို့ လေလိုင်းဆွေးနွေးမှုတွင် ကျင်ကျင်လည်လည် ဆွေးနွေးဆုံးဖြတ်ရန်မဖြစ်နိုင်ပါ။ ဤသို့သောအကြောင်းအရင်းများကြောင့် အထက်ပါပြဿနာများနှင့်ပတ်သက်ပြီး ကွန်ဂရက်၏ပြင်ပတွင် သီးသန့်အချိန်တစ်ခုယူ၍ ဦးစားပေးဆွေးနွေးရမည့်အရေးကိစ္စများကို မျက်နှာချင်းဆိုင်ကာ ကျင်ကျင်လည်လည်ဆွေးနွေးခြင်းမှတစ်ဆင့် ဖြေရှင်းသွားရန်အတွက် ဗဟိုအမြဲတမ်းကော်မတီထံသို့ ကျွန်ုပ်တို့တင်ပြခဲ့သော်လည်း ကျွန်ုပ်တို့၏တင်ပြမှုမှာ ငြင်းပယ်ခြင်းခံခဲ့ရသည်။

(၆) ထို့အပြင် ကေအဲန်ယူ၏အမြင့်ဆုံးအာဏာသည် ကွန်ဂရက်တွင်သာရှိသောကြောင့် အရေးကိစ္စအားလုံးကို ကွန်ဂရက်တွင်သာဆွေးနွေးရမည်ဖြစ်ပြီး ကွန်ဂရက်၏ဆုံးဖြတ်ချက်ကသာ နောက်ဆုံးဖြစ်သည်ဟု ဗဟိုကေအဲန်ယူခေါင်းဆောင်များက ကျွန်ုပ်တို့အား အကြောင်းပြန်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်မှုကိုဦးထိတ်ထားလျက် ဗဟိုကွန်ဂရက်ကို တက်ရောက်ခဲ့ပါသည်။ သို့သော် ကွန်ဂရက်တွင် ကိုယ်စားလှယ်အများစုက ရွေးကောက်ပွဲကိစ္စရပ်ကိုသာ ပြီးဆုံးအောင် ဦးစားပေးဆောင်ရွက်ပြီး ကရင်လူမှုအဖွဲ့အစည်းများဖော်ပြခဲ့သည့် အထက်ပါပြဿနာများကိုမူ အသစ်

တက်လာမည့်ခေါင်းဆောင်များလက်ထဲသို့အပ်နှံကာ ဆက်လက်ကိုင်တွယ်အရေးယူစေရန် သဘောတူခဲ့ကြသည်။ ဤသည်ကို ကျွန်ုပ်တို့သဘောမတူနိုင်ပါ။ အကြောင်းမှာ (၁) ဒုစရိုက်စီးပွားရေးလုပ်ငန်းများတွင် ကေအဲန်ယူ ခေါင်းဆောင်အချို့ပါဝင်ပတ်သက်နေသည့်အရေးကိစ္စနှင့်ပတ်သက်ပြီး ကွန်ဂရက်ကိုယ်စားလှယ်များအား ကြိုတင်အသိပေးထားခြင်းမရှိခြင်း၊ (၂) ကွန်ဂရက်ကိုယ်စားလှယ်များက ကရင်လူမှုအဖွဲ့အစည်းများ၏တင်ပြချက်များကို အလေးမထားသည့်အပြင် ကရင်လူမှုအဖွဲ့အစည်းများကို အပြစ်တင်သည်ဟု ကျွန်ုပ်တို့ခံစားရခြင်း၊ (၃) ကျွန်ုပ်တို့အား မဟုတ်မမှန်သောအကြောင်းအရာများတင်ပြသူဟု မယုံသင်္ကာသည့်ပုံစံဖြင့် ထပ်ကာတလဲလဲ မေးမြန်းခြင်း၊ (၄) ကျွန်ုပ်တို့က ရွေးကောက်ပွဲကွန်ဂရက်ကို နှောင့်ယှက်သူများဖြစ်သည်ဟုအဓိပ္ပါယ်ဆောင်သည့် စကားအသွားအလာများ၊ စသည့်အကြောင်းများကြောင့် ကျွန်ုပ်တို့မူတြော်ခရိုင် တပ်မဟာ (၅) ကိုယ်စားလှယ်များမှ ကျွန်ုပ်တို့ရရှိထားသောအချက်အလက်နှင့်အထောက်အထားအားလုံးကို တင်ပြမည်ဖြစ်ပြီး ယခု (၁၇) ကြိမ်မြောက်ကွန်ဂရက်တွင် ပါဝင်ရွေးကောက်ခံသွားတော့မည်မဟုတ်ဟု ကျွန်ုပ်တို့၏ရပ်တည်ချက်ကို ကွန်ဂရက်သို့ တင်ပြခဲ့သည်။

(၇) ကေအဲန်ယူဗဟို၏ (၁၇) ကြိမ်မြောက်ကွန်ဂရက်မှ နုတ်ထွက်လိုက်ခြင်းသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လမ်းစဉ်များအောက်ကနေ ခွဲထွက်သွားခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏ အဓိကလိုလားချက်မှာ ကျွန်ုပ်တို့ကေအဲန်ယူအဖွဲ့အစည်း၏ အနာဂတ်ဦးဆောင်မှု ပိုမိုကောင်းမွန်ခိုင်ခံ့ရန်၊ လူထုတစ်ရပ်လုံး၏ ယုံကြည်ထောက်ခံမှုကိုရရှိရန်နှင့် ကရင်တစ်မျိုးသားလုံး၏စည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာရန်သာ ဖြစ်သည်။

(၈) ဒုစရိုက်စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံတကာဥပဒေကိုချိုးဖေါက်သောစီးပွားရေးလုပ်ငန်းများသည် ကျွန်ုပ်တို့အဖွဲ့အစည်းအတွင်း သဘောထားကွဲလွဲမှုနှင့်ပြိုကွဲမှုဖြစ်ပေါ်စေရန်၊ လူထုနှင့်ကျွန်ုပ်တို့အားရန်တိုက်ပေးရန်၊ (သို့မဟုတ်) ကျွန်ုပ်တို့၏နိုင်ငံရေးကိုအဆုံးသတ်သွားစေရန် ပြုလုပ်နေသောရန်သူ၏နည်းဗျူဟာဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သို့ဖြစ်ပါ၍ ယခုကွန်ဂရက်မှရွေးကောက်လိုက်သည့် ကေအဲန်ယူခေါင်းဆောင်သစ်တို့သည် ဤပြဿနာအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရန်၊ ကေအဲန်ယူအဖွဲ့အစည်း၏စည်းမျဉ်းဥပဒေကိုချိုးဖေါက်သော ကေအဲန်ယူခေါင်းဆောင်များကို အရေးယူရန်၊ နှင့် ကော်သူးလေနယ်မြေအတွင်းရှိသည့် ဒုစရိုက်စီးပွားရေးလုပ်ငန်းများကို ဆန့်ကျင်ချေမှုန်းခြင်းမှတစ်ဆင့် တရားဥပဒေစိုးမိုးမှုကို အကောင်အထည်ဖေါ်ရန် တာဝန်ယူတာဝန်ခံရမည်ဖြစ်သည်။

(၉) ကျွန်ုပ်တို့ မူတြော်ခရိုင် တပ်မဟာ (၅) အနေဖြင့် ကျွန်ုပ်တို့ဖေါ် ပြခဲ့သည့်အတိုင်း ခိုင်မာစွာရပ်တည်သွားမည်ဖြစ်ပြီး ကေအဲန်ယူအဖွဲ့အစည်းနှင့်ကော်သူးလေနယ်မြေအတွင်း တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုရှိစေရန် ကျွန်ုပ်တို့တတ်စွမ်းသမျှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ပန်းတိုင်သို့ မြန်ဆန်စွာရောက်ရှိနိုင်ရန်အတွက် အကြံဉာဏ်များ၊ ပံ့ပိုးကူညီမှုများ၊ နှင့် နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ကျွန်ုပ်တို့ဖိတ်ခေါ် ကြိုဆိုပါသည်။

အမြဲတမ်းကော်မတီ<br>
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး<br>
မူတြော်ခရိုင်/ တပ်မဟာ (၅)<br>
ကော်သူးလေ